# တိုင်းရင်းသားလူမျိုးများ၏
# အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ

# Tualsuak Minamte Thuneihna Ahuu Thukhun

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

( 2015 Kum Gambup Innpi Thukhun Nambat 8 )

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

1376 Kum Dota kha, Ni 7

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

(2015 Kum Febuary 24)

## Zon Olna


| No | Athu | Laimai |
|---|---|---|
| 1. | Khenpi 1<br>Amin le adeihna | 1 |
| 2. | Khenpi 2<br>Ngimna Bulpite | 3 |
| 3. | Khenpi 3<br>Tualsuak Minamte’ Thuneihna le Ngahtheih dingte | 4 |
| 4. | Khenpi 4<br>Vuanzi zum phuatna le Gambup vuanzi za guatna | 7 |
| 5. | Khenpi 5<br>Vuanzi zum’ vaipuak le Thuneihnate | 9 |
| 6. | Khenpi 6<br>Tualsuak Minamte’Thuneihna Huutna | 13 |
| 7. | Khenpi 7<br>Khaktan Thute | 17 |
| 8. | Khenpi 8<br>Mawhna Daante | 17 |
| 9. | Khenpi 9<br>Thu Tuamtuam | 18 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ရည်ရွယ်ချက်များ | ၃ |
| ၃။ | အခန်း(၃)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်<br>ရပိုင်ခွင့်များ | ၄ |
| ၄။ | အခန်း(၄)<br>ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး<br>ခန့်အပ်ခြင်း | ၇ |
| ၅။ | အခန်း(၅)<br>ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း(၆)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး<br>ကာကွယ်စောင့်ရှောက်ခြင်း | ၁၃ |
| ၇။ | အခန်း(၇)<br>တားမြစ်ချက်များ | ၁၇ |
| ၈။ | အခန်း(၈)<br>ပြစ်ဒဏ်များ | ၁၇ |
| ၉။ | အခန်း(၉)<br>အထွေထွေ | ၁၈ |

# Tualsuak Minamte Thuneihna
# Ahuu Thukhun
## (2015 Kum Gambup Innpi Thukhun Nambat 8)
## 1376 Kum Dota kha, Ni 7
## (2015 Kum Febuary 24)

Gambup Innpi-in hih Thukhun hong khungkhia hi.

## Khenpi 1
## Amin le adeihna

1. Hih Thukhun pen Tualsuak Minamte Thuneihna Ahuu Thukhun kici ding hi.

2. Hih Thukhun sung a, kihel anuai a kammalte khiatna in akigelh bang hiding hi-

   (a) **Tualsuak minamte** acih in Kawlgam pen pupa gamin ciamteh a, ateng tawntung minamte cihna ahi hi. Hih kammal sungah gammi akisuaksakte le lengla-gammite kihel lo hi.

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး**
**ကာကွယ်စောင့်ရှောက်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**
**၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၇ ရက်**
**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ယင်းစကားရပ်တွင် နိုင်ငံသား ပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။

(b) **Vuanzi zum** acih in hih thukhun tawh kizui-a kiphuan khia Gambup Kumpi, Tualsuak minamte Vaisai vuanzi zum ahi hi.

(c) **Gambup vuan zi** acih in Gambup Thukhunpi tawh kizui-in Gamuk-kumpi'n Gambup Innpi thukimpihna tawh phuankhia in, vaipuak apiak Tualsuak Minamte Vaisai Vuanzi zum, gambup vuanzi acihna ahi hi.

(d) **Gamkhen vuanzi zum** acih in Gambup Thukhunpi tawh kizui-in Gamuk-kumpi'n akisai Gamkhen Innpi thukimpihna tawh tualsuak minamte vai asem dingin akiphuankhia, vaipuak apiak vuanzi zum cihna ahi hi.

(e) **Gamkhen vuanzi** acih in Gambup Thukhunpi tawh kizui-in Gamuk-kumpi'n akisai gamkhen Innpi thukimpihna tawh vaipuak apiak gamkhen tualsuak minamte vaisai vuanzi zum, vuanzi acihna ahi hi.

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကိုဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(f) **Tualsuakte vai** acih in tualsuakte’ pau, lai, siamnel, ngeina, zialetong, biakna, golegamh, kilemna akipan Gambup Thukhunpi tungtawnin ngahdinga kilawmte ngahtheih nading le tangpi khantoh nading thute cihna ahi hi.

## Khenpi 2

## Ngimna Bulpite

3. Hih thukhun’ ngimna bulpite in anuai a bang ahi hi.

(a) Tualsuak minam khempeuh akikim dimdiam in gammi-thuneihna ngah nading.

(b) Tualsuak minamte khat le khat ki-itna tawh gambup lungsim diktak bulphuhin atawntung khut kilen in, tenkhop nading.

(c) Tualsuak minamte’ pau, lai, siamnel, ngeina, zialetong, minam hihna le golegamhte kepcing nading le khantoh sak nading.

(စ) **တိုင်းရင်းသားရေးရာ**ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ် အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့်သမိုင်းအမွေအနှစ်တို့ကိုထိန်းသိမ်းစောင့်ရှောက်ရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန်၊

(d) Tualsuak minamte khat le khat lungkituahna, ki-it kizahtakna le kihuh kipanpihnate hong picintoh semsem nading.

(e) Khantohna aniamlai tualsuak minamte pilna lam, cidamna lam, sumzon sumzuakna lam, kizop kikawmna lamte le tangpi khantoh nading.

(f) Gambup Thukhunpi tungtawn a thuneihnate tualsuak minamte in bittakin angah theih nading.

## Khenpi 3

## Tualsuak Minamte' Thuneihna le Ngahtheih dingte

4. Tualsuak minamte in gambup bit nading, thukhun bang aa, ki-uk nading le khuasung gamsung daihna om nading, gammite gamtat luhek hoih nadingin a kikhung khia thukhunte tawh aki tukalh kei leh-

(ဃ) တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သောလူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝ ရရှိစေရန်။

## အခန်း (၃)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်-

(a) Pau, lai, ngeina, siamnel, zialetong le biaknate suakta takin semthei ding hi.

(b) Pau, laite pen kumpi pilna lam thubullette nawng kaisak loin hilhthei sinthei ding hi.

(c) Ngeina tawh kizui in akibawl pawipite le nithupite suakta takin bawl thei hi.

(d) Lai le siamnelte ah khuahun zui-in akhantoh nading phuan tawm, ngaihsun tawm, pulak tawm thei ding a, ngeina tawh kisai suaktatakin kantel in pulak khia thei hi.

(e) Pil sinna, zato kahna, nasep ngahna le sumzon sumzuaknate ah hamphatna kikimin ngah thei hi.

(f) Tualsuak zatui lam pilna amanthan loh nadingin kepcingna, zatkhiatna le khantohsaknate semthei bawlthei hi.

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏စကား၊ စာပေတို့ကို နိုင်ငံတော်၏ပညာရေးမူဝါဒကို ထိခိုက်မှု မရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆောင်ရွက်သောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေး လုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း တို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(g) Pupa khanga, khanglui golegamhte a manthan loh nadingin kemcingin huu thei hi.

(h) Gambup Thukhunpi sunga kiciangtan zah mimal acin leh gamkhen le ki-uktawm theihna angah gam thukhun bawlna ah tangmi kihel theih nading vaihawm thei hi.

(i) Atung a laikhen (h) tawh kizui-in gamkhen ahih-kei leh ki-uktawm theihna angah gam thukhun bawlna ah akihel tangmi angah tualsuak minam ahihleh tua gamkhen ahih-keileh ki-uktawm theihna angah gam ah tua tualsuak minamte vai asemdiak dingin akisai tualsuak minam tangmite kihelsak ding hi.

(j) Tualsuak minamte tangthu kankhiat-theihna le golegamhte thukhun zui-in kepcing theihna nei hi.

(ဆ) မိမိတို့၏ ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်သော လူဦးရေ ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြု ရေးတွင် မိမိတို့ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ (ဇ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့် ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက် နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့် ရှိရမည်။

# Khenpi 4

## Vuanzi zum Phuatna le Gambup vuanzi

## Za-guatna

5. Tualsuak minamte tenna ah khantohna nasepte, geelkholhna thupite, sumzon sumzuakna, leisung sumpiang tawhkhiat zatkhiatnate akisep dingleh akisai tua muna om tualsuak minamte kiangah nasep ding ngimnate kicing taakin pulak khol, theisak kholin, kikum khol ding hi.

6. Gamuk-kumpi in tualsuak minam tawh kisai vaite thupi takin akisep theih nadingin Tualsuak Minamte Vaisai Vuanzi Zum pen Gambup Innpi thukimpihna tawh phuankhia ding hi.

7. Gamuk-kumpi in –

   (a) Gambup Tualsuak Minamte Vasai gambup vuanzi za aguat nadingin Innpi palaite sungpan ahi zongin Innpi palai ahilote sungpan ahi zongin Gambup Thukhunpi Thubul 232 (a) pilna, siamna kiciangtante tawh akilawm, akiktuak mikhat teelkhia-in amin Gambup Innpi ah pulakin thukimna la ding hi.

## အခန်း (၄)
## ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးများ၏ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာကြိုတင်ချပြအသိပေး၍ ညှိနှိုင်း ဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော်သမ္မတသည်-

(က) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲက ဖြစ်စေ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်ကို ရွေးချယ်၍ ယင်း၏ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

(b) Gambup vuanzi za guatna dingin Gambup Innpi in athukim keileh tuami tangin minthak khat Gambup Innpi ah khatvei pulak kik thei hi.

(c) Gambup Innpi-in thukimpihsa mipen gambup vuanzi za guan ding hi.

8. Gambup vuanzi-in Gamuk-kumpi tungah vaipuak lading hi. Gambup vuanzi septan ding pen thudang a-om keileh Gamuk-kumpi septan hiding hi.

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့် ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည်နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

## Khenpi 5

## Vuanzi zum' vaipuak le Thuneihnate

9. Vuanzi zum vaipuak le thuneihnate in anuai a bang ahi hi-

   (a) Hih thukhun' ngimna akisep khiat theih nading in thubullet le sepdingte geelkholhna.

   (b) Gambup Thukhunpi le hih thukhun a kigelh tualsuak minamte thumeihna le ngah ding khempeuh thukhun tawh kituakin pelem lo a, angah theih nadingin huu-in kepcingna.

   (c) Tualsuak minamte' pau, lai, siamnel, ngeina le zialetongte, kepcing nading le akhantoh nadingin sepna, tangthu le tanglai golegamhte kankhia in kepcingna.

## အခန်း (၅)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊စာပေ၊အနုပညာ၊ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်း အမွေအနှစ်တို့ကို စူးစမ်းရှာဖွေ ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(d) Tualsuak minam khat le khat kipumkhat nading, ki-it in kihuh kipanpihna akhan semsem nading in sepna.

(e) Khantohna aniamlai tualsuak minamte nuntak khuasak zia kilapsang zawhna dingin pilna lam, cidamna lam, sumzon sumzuakna lam le kizop kikawmna lamte ah bukimin akhantoh zawh nading in sepna.

(f) Tualsuak minam khat le khat ahihke ileh tualsuak minam khat sungah ahi zongin, biakna dang khat pepeuh ahi zongin nawng kaisak loin amau deih pau, lai, ngeina, biakna le zialetongte suakta tak in septheihna.

(g) Tualsuak minamte thuneihnate thukhun tawh kituakin muibun tak a kepcingna.

(h) Tualsuak minam khat le khat ahihkei leh tualsuak minamte kikal ah kitot kiselna a-om ciangin kikum khawm in leptuahna.

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝ မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိ ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့်ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြားဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(i) Tualsuak minamte abukim khantoh nading thute tawh kisai kantel-nasep sepna.

(j) Mimal atawm, amangthang dek tualsuak minamte'pau, lai, siamnel, ngeina le zialetongte kankhiana, keembina, huutna le akhantoh nading in sepna.

(k) Hih thukhun a kigelh thute tawh kizawitawnin akisai kumpi zumte tawh kikupkhop na.

(l) Gambup Kiumpi in ahi a, thukhun khatpeuhpeuh tawh kizui-in ahi zongin hong kipia tualsuak minamte tawh kisai sepdingte sepkhiat na.

10. Vuanzi zum in akisam tualsuak minamte vai nasem apawlpawlte Gambup Kumpi thukimpihna tawh phuankhia ding hi.

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်စေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုး ရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည်လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

11. Gambup Vuanzi zum in akisam tualsuak minamte vai kiciantakin aseptheih nadingin akisap leh Komiti le nasempawlte akisai adang gambup vuanzi zumte tawh kikum khawmin phuankhia thei a, tua bangin aphuatkhiat leh nasepdingte zong sehsak pah ding hi.

12. Gamkhen vuanzi zum in ama zum' nuai ah akisam tualsuak minam vaisai kumpi nasem apawlpawlte a kisai Gamkhen Kumpi thukimpihna tawh phuan khia ding hi.

13. Gamkhen vuanzi zum in tualsuak minamte vaite sepkhiat theih nadingin Gamkhen Kumpi zum sumngah sumzatna sazian sungah kumsim in geelsak ding hi.

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြား ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ ကိုဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်းသတ်မှတ် ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏ လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ် ထည့်သွင်း ရေးဆွဲရမည်။

## Khenpi 6

## Tualsuak Minamte Thuneihna Huutna

14. Tualsuak minamte in amau tualsuak minamte' thuneihna ataan leh huutna angah nadingin akisai Gamkhen Kumpi tungah ko thei hi.

15. Akisai Gamkhen Kumpi in atung a Thubul (14) na zui-in thukohna angah leh tualsuak minamte supna baina a omloh nading akisam bangin kuutna le dalna apiak nading in –

(a) Akisai gamkhen tualsuak minam vaisai vuanzi' vaipuak piading hi.

(b) Atung a laikhen (a) tawh kisai-in vaipuak apiak theih keileh akilawm akituak gamkhen kumpi zum vuanzi khat vaipuak piading hi.

## အခန်း (၆)
## တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ် စောင့်ရှောက်ခြင်း

**၁၄။** တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန် ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်း မရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ် ရမည်။

16. Atung a Thubul (15) tawh kizui-in vaipuak angah vuanzi-in –

(a) Vaipuak akipiakna thu tawh kizawitawnin tualsuak minamte’ thuneihna taan maw taan lo sittel ding hi.

(b) Atung a laikhen (a) zui-in asittel ciangin tualsuak minamte thuneihna taanhi cih akimuh leh akisai gamkhen kumpi zum ii khensatna tawh ahi zongin, gamkhen vuanzi zumte, gamkhen zum pite, gamkhen kumpi kipawlnate, ki-uktawm theihna angah gam uliante tawh ahi zongin, akisam bangin kikumkhawmin, semding hi.

(c) Atung a laikhen (b) tawh kizui-in asepna ah Gambup dinmun anei adang vuanzi zumte, kumpi zumpite, kumpi kipawlnate huhna akisap leh akisai gamkhen kumpi zumah ahi zongin, akisai gamkhen kumpi zum tungtawn in gambup Tualsuak Minamte Vaisai Vuanzi zum ah ahi zongin puakto ding hi.

၁၆။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည်-

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ် ရမည်။

(ခ) ပုဒ်မခွဲ(က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနသို့လည်းကောင်း တင်ပြရမည်။

17. Gamkhen kumpi-in atung a Thubul (16) (c) tawh kizui-in akipuakto thupen gambup dinmun anei vuanzi zumte, kumpi zumpite, kumpi kipawlnate huhna panpihna kisamhi ci-in amuh leh Gambup Kumpi tungah puakto ding hi.

18. Vuanzi zumin atung a Thubul 16 (c) tawh kizui-in a kipuakto thutawh kisai-in gambup dinmun vuanzi zumte, kumpi zumpite, kumpi kipawlnate' huhna panpihna kisam hi ci-in amuh leh, Gambup Kumpi tungah puakto ding hi.

19. Atung a Thubul 15 tawh kizui-in vaipuak angah vuanzi-in, asepkhiat thu-ah, tualsuak minamte thuneihna huutzawhlohna aneihleh athu ala kicing taakin gelhkhia in Gamkhen Kumpi tungah puakto ding hi.

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု အဆင့်ရှိဝန်ကြီးဌာနများ၊အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိပါက အကျိုး အကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

20. Gamkhen Kumpi in atung a Thubul 19 tawh kizui-in akipuakto thupen gambup dinmun pan sepding hi ci-in amuhleh akisam bangin hong sepsak nadingin Gambup Kumpi tungah puakto ding hi.

21. (a) Gambup Kumpi in Thubul 20 tawh kizui-in akipuak thu pen akisam banga, aseptheih nadingin gambup vuanzi vaipuak apding hi.

(b) Gambup vuanzi in atung a laikhen (a) zui-in vaipuak kipia tualsuak minamte in thuneihna taanna thu-ah huu-in adalzawhna dingin Gambup Kumpi khensatna tawh ahi zongin, gambup dinmun a om akisai vuanzi zumte, kumpi zumpite, kumpi tawh kizom kipawlnate tawh kikumin ahi zongin sepsak ding hi.

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၉ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးသည့် ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

## Khenpi 7

## Khaktan Thute

22. Kuamah peuh thukhun sunga om tualsuak minamte thuneihna le ngahtheih ding thute pen paulap kician om lopi-in khaktan theilo ding.

23. Kuamah peuh hih thukhun sunga kikhungkhia thute nainganzi vai tawh mematin zangkhial theilo ding.

24. Kuamah peuh tualsuak minamte kikalah kimuhdahna, kitotna, kikhenkhapna khat peuhpeuh apiankhiat nading ngimna ahi a, tua bang apiankhiat nading thu a-omsak gamtat luhekte ahi zongin neilo ding.

## Khenpi (8)

## Mawhna Daan piakna

25. Kuamah peuh Thubul 22 akhaktan thute palsat hi ci-in mawhna thu akikhen leh tuami pen kumkhat sangin atamzaw lo thong dan ahi a, sum Kyat tulzakhat sang atamzaw lo liausum ahi zongin, anih mahin ahi zongin mawhna daan kipia ding hi.

## အခန်း (၇)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

၂၃။ မည်သူမျှဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စ အလို့ငှာ အလွဲသုံးစား မပြုလုပ်ရ။

၂၄။ မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

26. Kuamah peuh Thubul 23 akhaktan thute palsat hi ci-in mawhna thu akikhen leh tuami pen kumkhat sanga atamzaw lo thong daan ahi a, sum Kyat tulzakhat sanga atamzaw lo liausum ahi zongin, anih mahin ahi zongin mawhna daan kipia ding hi.

27. Kuamah peuh Thubul 24 akhaktan thute palsat hi ci-in mawhna thu akikhen leh tuami pen kumnih sanga atamzaw lo thongdaan ahi a, sum Kyat tulzanih sanga atamzaw lo liausum ahi zongin, anih mahin ahi zongin mawhna daan kipia ding hi.

## Khenpi 9

## Thu Tuamtuam

28. Gambup vuanzi in Gambup Innpi khawmpi ah ahi a, Mipi Innpi le Minam Innpi khawmpi ah ahi zongin, gambup le tangpi tangta theihding kilawm tualsuak minamte tawh kisai thute ahunzui-in pulakna nei ding hi.

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၂၈။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

29. Gambup vuanzi in Thubul 9 a-om vaipuak le septheih ding thute sepkhiat nadingin akisap leh akisai Gamkhen Kumpi Vuanzi tungah vaipuak apsawn thei ding hi.

30. Vuanzi zum in hih thukhun tawh kizui a, kiphuan khia komiti le nasempawlte' zum nasepte sepsak dinga, akisam sumte zong sik ding hi.

31. Hih thukhun sunga om mawhna daante pen palikte' gaptheih mawhna daanin kiciamteh hi.

32. Gamkhen Kumpi in hih thukhun sung om tualsuakte vaite asem dingin akisai tualsuak minam vaisai vuanzi vaipuak apin semsak ding hi. Tualsuak minam vaisai vuanzi a om lohna gamkhente ah gamkhen gamuk-kumpi in vaipuak apiak vuanzi semsak ding hi.

33. Hih thukhun sunga om mawhna khat peuhpeuh tawh thukhen zum akitut leh vuanzi zum ii phalna lak kul ding hi.

၂၉။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၉ ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည်။

၃၀။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၃၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိတို့အစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည်။

၃၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

34. Hih thukhun sunga om thu kikhungkhiate sepkhiat ciangin –

(a) Vuanzi zumin thukhun-meilet, thumeilet le thuciinte Gambup Kumpi thukimna tawh bawlkhia thei hi.

(b) Vuanzi zumin thupiak tangkona, thupiak, sawlna le sepzia bawlziate bawlkhia thei hi.

(c) Gamkhen Kumpi in thupiak tangkona, thupiak, sawlna le sepzia bawlziate bawlkhia thei hi.

(d) Gamkhen vuanzi zumin akisai Gamkhen Kumpi thukimna tawh thupiak tangkona, thupiak, sawlna le sepzia bawlziate bawlkhia thei hi.

Belpawl Kumpi-Uk Kawlgam, Gambup Thukhunpi tawh kizui in kei mahin suai kakai hi.

Sd xxx

Thein Sein
Gamuk-kumpi
Belpawl Kumpi-Uk Kawlgam

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့်
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း(ဗိုမီး)တို့မှ ပူးပေါင်းဘာသာပြန်၍
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ထုတ်ဝေသည်။